မြစိမ်းတောင်။

အမည်လေးက လှသည်။

တိုက်ကြီးမြို့နယ်ဘက်မှာ မြစိမ်းတောင်ရှိသည်ဟု ကြားဖူးသည်မှာ ကြာခဲ့ပြီ။ ရန်ကုန်နှင့်တိုက်ကြီးက မိုင် (၅၀) ခန့်သာဖြစ်၍ ဘာမှမဝေးလှပါ။ သို့သော် မရောက်ဖြစ်ခဲ့။ မိမိသည် မြန်မာပြည် နေရာအတော်များများရှိ အဓိဋ္ဌာန်ဝင်ရာတောင်တော်များ၌ အဓိဋ္ဌာန်ဝင်ခဲ့ဖူးပါသည်။ ယခု မြစိမ်းတောင်ကိုတော့ မရောက်ခဲ့ပါ။ နီးလျက်နှင့်ဝေးနေခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ အားလပ်သော နေ့တစ်နေ့၌ မိတ်ဆွေဖြစ်သူ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သဘောာဆလင်ကြီး ကိုမောင်ချိုနှင့်အတူ မြစိမ်းတောင်ရှိရာ တိုက်ကြီးမြို့နယ်ဘက်သို့ ရောက်ခဲ့ပါတော့သည်။

✤✤✤

မိုးသည် စွေမလိုလိုနှင့် သည်းနေလိုက်သည်မှာ ဘယ်အပြိုးကြောင့်မှန်း မသိ။ မုတ်သုံမိုးသည် ရန်ကုန်နေ ပြည်သူလူထုအား နှိပ်စက်နေသည်မှာ ကြာခဲ့ပြီ။ သွားမည်ဟု ဆုံးဖြတ်ပြီးဖြစ်၍ မိုးရွာရွာ၊ နေပူပူ ဂရုမစိုက်တော့။

တိုက်ကြီးမြို့လယ် ဆိုင်ကယ်သမားများရှိရာ လက်ဖက်ရည်ဆိုင်ရောက်သည်အထိ မိုးကတော့ ရွာကောင်းတုန်းပင် ဖြစ်ပါသည်။ ကျွမ်းကျင်မှုရှိပုံရသော ဆိုင်ကယ်သမားလေး မောင်ထင်လင်းကို မြစိမ်းတောင်သို့ လိုက်ပို့ခိုင်းရသည်။


သစ်တောဦးစီးရုံးရှိရာလမ်းမှဝင်၍ မိနစ်အနည်းငယ် မောင်းပြီးသော် ဘယ်ဘက် မြေနီလမ်းအကွေ့မှ မြစိမ်းတောင် သာသနာပြု တောရစခန်းအား ညွှန်ပြသည့် လမ်းညွှန်ဆိုင်းဘုတ်လေးအား တွေ့ရသည်။ ဂဝံကျောက်ခင်းထား



အဘိုးဆရာစောတည်ခဲ့သော ရွှေပြောင်ပြောင်စေတီ

သန့်ဇင်

# မြစိမ်းတောင်မှသာသနာ့အောင်လံ



အဘိုးစောတည်ထားခဲ့သော ကမ္ဘာလုံးစေတီ



မြစိမ်းတောင်ပေါ်မှ တိလောကမာရ်အောင်ရုပ်ပွားတော်ကြီး




မြစိမ်းတောင်ပေါ်မှ မဟာဝိသုဒ္ဓိစေတီ

သော မြေနီလမ်းသည် ပြင်းထန်သော မိုးအား အန်မတုနိုင်ရှာပါ။ အနီးအနားခြံများ၌ နေထိုင်ကြသူများသည် ဤလမ်းကိုသာ အားကိုးနေရသည်။ သူတို့လည်း ဖြည်းညင်းစွာသွားလာနေကြသည်။ အချို့သည် စက်ဘီးနှင့်ဖြစ်၍ အချို့မှာ ဆိုင်ကယ်နှင့် ဖြစ်သည်။ မြေနီလမ်းဘေးဘယ်, ညာ၌ ကြံခင်းများ၊ မာလကာခြံ၊ သရက်၊ သံပရာ အစရှိသည့် ခြံများကို တွေ့ရသည်။

တိုက်ကြီးမြို့နှင့်လိမ္မော်ခြံကျေးရွာသည် သုံးမိုင်ခရီးဖြစ်၍ ဘာမှမကြာလိုက်ဘဲ ရွာတွင်းသို့ရောက်သည်။ ရွာလယ်မှာ မြစိမ်းတောင်ရွာကျောင်းအား တွေ့ရသည်။ မြစိမ်းတောင်ဟုဆိုသော်လည်း ကုန်းမို့မို့သာဖြစ်ပါသည်။ လိမ္မော်ခြံရွာသည် ခြံဝိုင်းကြီးများ စုစည်းထား၍ တောအုပ်ကြီးသဖွယ် ဖြစ်နေသည်။

ယခု တွေ့ရသည့် မြစိမ်းတောင် တောရကျောင်းသည်လည်း တောကြီးအလယ် တောင်ကုန်းလေးပေါ်မှ စေတီပုထိုးများ၊ ဂန္ဓကုဋိမှန်ကျောင်းကြီး၊ ဝါးတဲကျောင်း၊ ဇရပ်၊ ဆရာတော် အရှင်မြတ်သီတင်းသုံးသည့် သစ်သားကျောင်းတို့ဖြင့် တောအုပ်အလယ်မှာ တင့်တယ်လှ၏။ တောင်ကုန်းထိပ် ညာဘက် ဂန္ဓကုဋိမှန်ကျောင်းကြီးဘေးမှာ စေတီတစ်ဆူအား ဖူးတွေ့ရသည်။

စေတီအား ဆီမီး၊ အမွှေးနံ့သာများဖြင့် ပူဇော်ကန်တော့ပြီးသော် အနီးရှိမှန်ကျောင်းကြီးအား လေ့လာမိသည်။ ဂန္ဓကုဋိမှန်ကျောင်းတော်ကြီး ဖြစ်သည်။ အတွင်း၌ 'တိလောကမာန်အောင်' ဘွဲ့တော်အမည်ရှိ ရုပ်ပွားတော်မြတ်ကြီး သီတင်းသုံး စံပယ်နေပါသည်။ဘုရားဒါယကာကြီး ဆရာကြီးအဘိုးစောမှ ၁၂၉၅ ခုနှစ်တွင် တည်ထားကိုးကွယ် လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။ မှန်ကျောင်းဆောင်အသစ်ကြီးမှာ အလှူရှင်ဖြစ်သူ ဦးမြတ်ငွေလင်း + ဇနီး ဒေါ်စုစုကိုတို့မှ မ,တည်ပြီး လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရပါ၏။ ဂန္ဓကုဋိစံကျောင်းတော်ဘေးတွင် နှစ်ကျိပ်ရှစ်ဆူစေတီတော်အား ဖူးတွေ့ရသည်။ ဘုရားဒါယကာမှာ ဆရာကြီး အဘိုးစောဖြစ်နေသည်ကို တွေ့ရပြန်ပါ၏။ သို့အတွက်ကြောင့် ကျွန်တော်သည် ဆရာကြီးအဘိုးစောအား စိတ်ဝင်စားလာမိ၏။ သူ့အကြောင်းကို သိချင်လာသည်။ ဘုရားအနီးမှာ အသက်(၆၀)ဝန်းကျင်ရှိ လူကြီးတစ်ယောက်အား တွေ့ရ၍ အဘိုးစောဆိုသူမှာ မည်သူနည်းဟု စပ်စုမိပါသည်။ ထိုသူက-

"ကျွန်တော်က မြစိမ်းတောင်ကျောင်းရဲ့ ဂေါပကဥက္ကဋ္ဌပါ။ ဦးမြရွှေလို့ ခေါ်ပါတယ်။ ယခု မြင်တွေ့နေရတဲ့ စေတီတွေဟာ ဆရာကြီး အဘိုးစော တည်ခဲ့တာတွေပါပဲ။ အဘိုးစောနဲ့ ပတ်သက်ပြီး သိချင်ရင် သူ့မြေးနှစ်ယောက် ရှိပါတယ်။ တစ်ယောက်က လမ်းပြင်နေတယ်၊ တစ်ယောက်က ကျောင်းပေါ်မှာ။ ခေါ်ပေးပါ့မယ်"



မြစိမ်းတောင်ကျောင်းသို့ သွားရာတောလမ်း



မြစိမ်းတောင်ပေါ်မှ အဘိုးဆရာစောစိုက်ခဲ့သော မဟာဗောဓိပင်ကြီး



တိလောကမာရ်အောင်ရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးရာ ဂန္ဓကုဋိမှန်ကျောင်းဆောင်




စေတီတော်ဘေးရှိ ဆရာတော်ကျောင်းသို့သွားရာ မြေလမ်းအား ပြုပြင်နေသူတစ်ယောက်ကို ဥက္ကဋ္ဌဦးမြရွှေမှ လှမ်းခေါ်လိုက်ပါသည်။ ထိုပုဂ္ဂိုလ်၏အမည်မှာ ဦးအောင်တင် ဖြစ်ပါသည်။ အဘိုးစော၏သားအကြီးမှ မွေးဖွားသူဖြစ်သည်။ မြေးဖြစ်သူ နောက်တစ်ဦးဖြစ်သော ဒေါ်စိန်သိမ်းဆိုသူလည်း ရောက်လာ၏။ သူမက ဆရာကြီးအဘိုးစော၏ သားအငယ်မှမွေးဖွားသူ ဖြစ်ပါသည်။

**မြေးများပြောပြသော ဆရာကြီး အဘိုးစော၏အကြောင်း**

ဂမ္ဘီရလောကီပညာရပ်များ တတ်ကျွမ်းသော ဆရာကြီးအဘိုးစော၏မူလဇာတိမှာ တံတေးဘက်က ဖြစ်ပါသည်။ သူသည် ရှမ်းတိုင်းရင်းသားဖြစ်ကာ နယ်လှည့် ဆေးကု၊ ဗေဒင်ဟောရင်း တိုက်ကြီးမြို့သို့ ရောက်လာသည်။ ထိုစဉ်က လိမ္မော်ခြံသည် ရွာမဟုတ်သေး။ တောကြီးမျက်မည်းလည်းမကျ၊ ရွာလည်းမဟုတ်၊ သစ်ဝါးထူထပ်သော ခြံဝိုင်းကြီးများဖြင့် ရိုးမနှင့်တစ်ဆက်တစ်စပ်တည်း ရှိနေခဲ့သည်။ အဘိုးဆရာစောက ခြံတဲများကိုစုဝေးပြီး လိမ္မော်ခြံရွာကလေးကို စတင်တည်ထောင်သည်။

မကြာမီ ထိုနေရာသို့ ဘုန်းဘုရားကြီး ဘိုးပေါက်စိန် ရောက်ရှိလာခဲ့သည်။ ဘိုးပေါက်စိန်သည် ယခု မြစိမ်းတောင် ရွာကျောင်းဖြစ်မည့် တောင်ကုန်းငယ်အခြေတွင် ဝါးကျောင်းလေးနှင့် သီတင်းသုံးရင်း တောင်ကုန်းလေးပေါ်မှာ ကိုးနဝင်းစေတီလေး တည်ထားကိုးကွယ်သည်။ ဘုန်းဘုရားကြီးဘိုးပေါက်စိန်နှင့် ဆရာကြီးအဘိုးစောတို့ ဆုံတွေ့ကြသောအခါ ဆရာတပည့် ဖြစ်ကုန်ကြသည်။

ဘုန်းဘုရားကြီး ဘိုးပေါက်စိန်က အဘိုးဆရာစောအား သာသနာပြုလုပ်ငန်းများ ဤတောင်ကုန်း၌ ဆက်လက်လုပ်ဆောင်ရန် ညွှန်ကြားပြီး တခြားတစ်နေရာသို့ ထွက်ခွာသွားခဲ့သည်။ အဘိုးဆရာစောသည် သူ၏မြလက်စွပ်လေးအားရောင်းပြီး ကိုးနဝင်းစေတီကို ငုံ၍ ဉာဏ်တော်မြှင့်ပြီး 'နှစ်ကျိပ်ရှစ်ဆူ' ဘွဲ့အမည်ဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ မြလက်စွပ် အစိမ်းရောင်လေးကိုရောင်းပြီး သာသနာပြုရသဖြင့် ထိုတောင်ကုန်းလေးအား 'မြစိမ်းတောင်' ဟု အမည်သမုတ်ခဲ့သည်။

ယခုမှ ကျွန်တော့်အမြင် ရှင်းသွားသည်။

အဘိုးဆရာစောသည် နှစ်ကျိပ်ရှစ်ဆူစေတီတော်အပြင် တိလောကမာန်အောင်ရုပ်ပွားတော်၊ ရွှေလင်းယုန်စေတီ၊ ကမ္ဘာလုံးစေတီနှင့် မဟာစေတီကြီးကိုပါတည်ထားခဲ့သည်။ မဟာစေတီကြီးသည် လျှောင်လှုပ်တုန်းက ယိမ်းယိုင်သွားခဲ့သဖြင့် ဆရာတော်မှ ပြန်လည်ပြုပြင်ပြီး 'မဟာဝိသုဒ္ဓိစေတီ'ဟု ဘွဲ့အမည်သမုတ်ခဲ့သည်။ ကမ္ဘာလုံးပုံ စေတီရံ (၄) ဆူ ဝိုင်းရံထားသော စေတီတစ်ဆူမှာ ကြည်ညိုဖွယ်ကောင်းလှသည်။

မြစိမ်းတောင်ပေါ်မှာ ဗောဓိညောင်ပင်ကြီးကား ကြီးမားအုပ်ဆိုင်းပြီး အရိပ်အာဝါသ ကောင်းလှသည်။ ဗုဒ္ဓ

မြတ်စွာဘုရားရှင် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဟောနေဟန် ရုပ်ပွားတော်မြတ်နှင့် အဆောက်အအုံငယ်တစ်ခု ရှိသည်မှာ ညောင်ပင်ကြီးအရိပ်နှင့် ကြည်ညိုဖွယ်ကောင်းလှသည်။ အဘိုးဆရာစော၏ ကုသိုလ်ကောင်းမှုများအတွက် သာဓုခေါ် ရပါသည်။

ရွှေလင်းယုန်စေတီဘေး မလှမ်းမကမ်းမှာ အဘိုးဆရာစော၏အုတ်ဂူကို တွေ့ရသည်။ အသက် (၁၀၅) နှစ်မှာ ကွယ်လွန်သွားခဲ့သော အဘိုးသည် အသက်ရှည်လှသည်။

အဘိုးသည် လိမ္မော်ခြံကျေးရွာအပြင် ကိုင်းကွင်းကြီး၊ အလယ်ရွာ၊ မြကျောက်ဖျာ၊ တောင်တစ်လုံး၊ ရွှေပြောင်ပြောင် စသည့် ဂျိုးဖြူဘက်မှရွာများမှာလည်း ဘုရား၊ စေတီများ တည်ထားခဲ့သည့် ပုဂ္ဂိုလ်ထူးတစ်ဦး ဖြစ်ပါသည်။ အဘိုးဆရာစော ကွယ်လွန်တော့ သူ၏ အိမ်ကိုဖျက်ပြီး မြစိမ်းတောင်ကျောင်းတိုက်တွင် ဆရာတော် သီတင်းသုံးရန် ကျောင်းဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ လက်ရှိ မြစိမ်းတောင်အမည်ရှိ တောင်ကုန်းနှင့် အနီးဝန်းကျင်အပါအဝင် မြေ (၁၀) ဧကခန့်မှာ အဘိုးဆရာစော၏ မြေလက်စွပ်လေးအား ရောင်းချပြီး ဝယ်ယူ၍ ကျောင်းမြေအဖြစ် လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မြစိမ်းတောင် သာသနာ့နယ်မြေ၏ ပထမဆုံး ပန္နက်ချသူမှာ ဘုန်းဘုရားကြီး ဘိုးပေါက်စိန်ဖြစ်ပြီး စေတီပုထိုးများဖြင့် ကြည်ညိုဖွယ်ဖြစ်အောင် ဒုတိယ ပန္နက်ချသူမှာ အဘိုးဆရာစော ဖြစ်ပါသည်။


သို့သော်-

သာသနာ့ထွတ်ခေါင် ဝိပဿနာအောင်လံတော်အား စတင် လွှင့်ထူသူမှာကား. . .။

**အရှင်ဇာနေယျအရှင်သူမြတ်**


ဆရာတော်သည် ပရိယတ္တိထက် ပဋိပတ္တိအား ပို၍ အားသန်ပုံရသည်။ ဤသည်မှာလည်း ဘဝပေးအကြောင်း ရှိခဲ့ပါသည်။ ခမည်းတော် ဦးကြွက်နီနှင့်မယ်တော် ဒေါ်သန်းတို့မှ မွေးဖွားလာခဲ့သော အရှင်သည် လူငယ်ဘဝမှာ လိမ္မော်ခြံရွာတွင် ခြံလုပ်ငန်းလုပ်ကိုင်၍ စားသောက်ခဲ့ရသည်။ ခြံလုပ်ငန်းတို့၏ ထုံးစံအတိုင်း မြေပေါက်မည်။ ကိုင်းမြက်ရှင်းမည်။ မီးရှို့ရမည်။ ဤမှာပင် ဘဝအချိုးအကွေ့က ဖြစ်လာရတော့၏။ 'တောမီးတစ်ကွက်၊ မုဆိုးတစ်သက်' ဆိုသော ဆရာတော့်စကားသည် အလကား မဟုတ်။ မီးရှို့နေရင်းနှင့် ပိုးကောင်၊ မွှားကောင်လေးများ ပြေးလွှားသေကျေကြသည်ကို မြင်တွေ့လိုက်ရသောအခါတွင် ဆရာတော်လောင်းလျာ ခြံသမားလေးသည် စိတ်မချမ်းသာဖြစ်ရပါတော့၏။ အတိတ်ဘဝမှ အထုံပါရမီသည် ဆရာတော်လောင်းလျာအား သတိသံဝေဂရစေ၍ ဘဝအချိုးအကွေ့တစ်ခုသို့ ပြောင်းသွားစေပါတော့သည်။ သူတစ်ပါး၏အသက်အားသေကျေ ပျက်စီးစေခြင်း၏ လွတ်ရာလွတ်ကြောင်းတရားသည်ကား သာသနာ့ဘောင်မှာသာရှိသည်ကို တွေးမိသွားပြီး အသက် (၂၇) နှစ်မှာ သာသနာ့ဘောင်သို့ ဝင်ရောက်သွားတော့သည်။

သာသနာနှစ် ၂၅၂၅ ခုနှစ်၊ ကောဇာနှစ် ၁၃၄၃ ခုနှစ်၊ တန်ခူးလဆန်း (၁၃) ရက်တွင် တိုက်ကြီးမြို့လယ် ဘုရားကြီးကျောင်း ခဏ္ဍသိမ်တော်မှာ ဆရာတော် ဦးကိတ္တိအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်





တောအုပ်အလယ်မှ ကမ္မဋ္ဌာန်းကျောင်းလေးများနှင့် မြစိမ်းတောင်တောရ(၁)



မြစိမ်းတောင်တောရ(၁)မှ ကမ္မဋ္ဌာန်းကျောင်းငယ်များ

သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဆရာတော်သည် လူ့ဘဝက တက္ကသိုလ်ဝင်တန်းအထိသာ ပညာသင်ခဲ့ရ၍ မိမိ၏ပညာကံ နည်းခဲ့မှုအပေါ် အားမလိုအားမရရှိခဲ့သည်။ သို့အတွက်ကြောင့် ရဟန်းဘဝဖြင့် ပရိယတ္တိသာသနာထက် ပဋိပတ္တိသာသနာဘက်ကို ပိုမို၍ ပြုလိုသောဆန္ဒ ရှိခဲ့၏။ မြို့လယ်ဘုရားကြီးကျောင်း၌ ပရိယတ္တိစာပေများအား (၄) ဝါအထိ သင်ကြားပြီးသည်နှင့် မင်းကွန်း၊ မဟာစည်၊ မိုးကုတ်၊ စွန်းလွန်း၊ ချမ်းမြေ့၊ သယ်တီဩဝါဒ အနာဂါမ် ဆရာသက်ကြီး တရားစခန်း စသည်များသို့ လှည့်လည်၍ ဝိပဿနာတရားများကို အားထုတ်ခဲ့ပါသည်။ တရားစခန်းများမှပြန်လာပြီး လိမ္မော်ခြံရွာအရှေ့ဘက် ပဲခူးရိုးမထဲရှိ ပြန့်ကြီးတောရတွင် တစ်ပါးတည်း တောရဆောက်တည်ခဲ့သည်။ တရားလိုချင်နေသောပုဂ္ဂိုလ်အတွက် ရိုးမငှက်ဖျားနှင့် တောဆင်ရိုင်းများ၏အန္တရာယ်သည် ဆရာတော်အား မတားဆီးနိုင်ခဲ့ပါ။

ဆရာတော်၏ ဂေါစရဂါမသည်ကား အလယ်ရွာဖြစ်၏။ တစ်ပါးတည်း တောရဆောက်တည်ရသည့် အရသာထူးကို ဆရာတော် နှစ်ခြိုက်နေမိသည်။ မေတ္တာ၏စွမ်းအားများကား ဆရာတော့်အတွက် ဆင်ရိုင်းများဘေးရန်မှ အကာအကွယ် ဖြစ်ခဲ့ပါသည်။ တိုက်ကြီးမြို့နယ်၏ ထိုဒေသသည် ဆင်ရိုင်းများ သောင်းကျန်းလွန်းသောဒေသ ဖြစ်ပါသည်။ လူတို့ကလည်း ယာမြေ၊ ခြံမြေများအား တောထဲအထိ တိုးချဲ့သည်။ ဆင်ရိုင်းများကလည်း သူတို့စားကျက်နယ်မြေ ကျဉ်းမြောင်းလာ၍ လူတို့၏စိုက်ခင်းများ၊ ကျေးရွာများထဲအထိ ဝင်ရောက် ဖျက်ဆီးလာသည်။ ထိုသို့ ဖျက်ဆီးလာ၍ လူတို့ကလည်း ရရာလက်နက်များဖြင့် ပြန်လည်တွန်းလှန်သည်။ ထိုသို့တိုက်ခိုက်သဖြင့် ဆင်တို့ကလည်း အငြိုးထားပြီး ရက်ရက်စက်စက် လက်တုံ့ပြန်ကြသည်။

လိမ္မော်ခြံ ကျေးရွာအုပ်စုရှိ အလယ်ရွာ၊ ကိုင်းကွင်းကြီး မြန်မာစုကျေးရွာများသည် တောဆင်ရိုင်းများ၏ ရက်ရက်စက်စက် ဝင်ရောက်ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။ စိုက်ခင်းများကို ဖျက်ဆီးရုံမက လူများကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ဆရာတော်၏ပြန့်ကြီးတောရလေးကား နဘယ်-ဘေးမရှိ ငြိမ်သက်လျက်သာ ရှိခဲ့၏။

*(တရားတန်ခိုး၊ မေတ္တာစွမ်းအားသည် ကျင့်ကြံအားထုတ်နေသောပုဂ္ဂိုလ်အား စောင့်ရှောက်ပုံကို သတိပြုဖွယ်။)*

ဤသို့ဖြင့် ရဟန်းဝါ (၄)ဝါမှ (၁၀) ဝါအတွင်း တရားစခန်းပေါင်းများစွာတွင် လှည့်လည် အားထုတ် တရားရှာခဲ့သည်။ မဟာစည်ရိပ်သာသည် အကြိမ်အများဆုံး ဝင်ရောက်ရာနေရာတည်း။

**တရားရှာရာတွင် ဆရာတော်အတွက် ထူးခြားသောအလှည့်အပြောင်း**

အင်အားကြီးမားသော ပုဂ္ဂိုလ်ထူးကြီးများအား မှီခိုရခြင်းသည် ကံရှိသူတို့အတွက် ပို၍ အကျိုးစီးပွားများစေတတ်သည်ဆိုသော စကားသည် မှန်လှပါပေသည်။ ဆရာတော် အရှင်ဇာနေယျသည် အဘယ်သို့သော ပုဂ္ဂိုလ်ထူးကြီးနှင့် တွေ့ကြုံခဲ့ရသနည်း။ တရားစစ်၊ တရားမှန်များတည်ရှိ၍ ကျင့်ကြံညွှန်ပြသူများရှိနေသမျှ နှစ်ကာလအကန့်အသတ်မရှိ၊ အချိန်အခါမရွေး ဖြစ်လိုသောအရာကို ဖြစ်နိုင်လေသည်။ သန္ဒိဋ္ဌိက၊ အကာလိကဟူသော တရားဂုဏ်တော်တို့မှာလည်း ထိုသဘောကို ပွင့်ပွင့်လင်းလင်းကြီး ဖွင့်ပြထား၏။ ပုဗ္ဗေကတ ပုညတာစက်က ဆရာတော်အား ထိုဒေသသို့ ပို့ဆောင်ပေးခဲ့လေပြီ။

သို့သော်. . .

မာရ်နတ်သည် ဆရာတော်တို့ ထိုဒေသသို့ရောက်လျှင် ဝိပဿနာ မီးရှူးတန်ဆောင် အရိယာ သံဃာတော်မြတ်ကြီးနှင့် တွေ့ဆုံကြမည်ကို သိနေလေပြီ။ ထို့အတွက်ကြောင့် ဆရာတော် အရှင်ဇာနေယျနှင့် ဓမ္မခရီးဖော်သုံးဦးတို့အား မမြင်ရသောအမွှေခာတ်တို့ဖြင့် တားဆီးပါတော့သည်။

ထိုအဖြစ်အပျက်က ဤသို့တည်း။

ရဟန်းသံဃာတို့၏ ဝိနည်းသိက္ခာပုဒ်များကား မြားမြောင်လှသည်။ ဝိနည်းသိက္ခာပုဒ်ကို မစောင့်ထိန်းနိုင်၍ ချိုးဖောက်ခြင်းကြောင့် မဂ်တား၊ ဖိုလ်တားကိစ္စများဖြစ်ပေါ်လာပြီး အာပတ်သင့်၍ တရားထူးမရခြင်းပင် ဖြစ်ပါသည်။

အရှင်ဇာနေယျ(ယခုမြစိမ်းတောင်ကျောင်းတိုက်ဆရာတော်)၊ ဆရာတော်အရှင်ရေဝတ (ယခု အမေရိကန်နိုင်ငံသာသနာပြု)၊ ပုသိမ်မှ ဦးဉာဏ္ဍောဘာသနှင့် အမည်မမှတ်မိတော့သော သံဃာတော်တစ်ပါး အပါအဝင် စုစုပေါင်း (၄)



မြစိမ်းတောင်စေတီတော်များနှင့် ကျောင်းတကာကြီး အဘိုးဆရာစော



မြစိမ်းတောင်ပေါ်မှ အဘိုးစော၏အုတ်ဂူ

ပါးသည် မိတ္ထီလာမြို့ တောင်ပုလုတောရသို့အသွား လမ်းခရီး၌ ဝိနည်းသိက္ခာပုဒ်များနှင့်ပတ်သက်၍ ဆွေးနွေးမိကြရာမှ အာပတ်သင့်လျှင် မဂ်၊ ဖိုလ်မရနိုင်ဟု စဉ်းစားမိကြသည်။ သို့ဆိုလျှင် မိမိတို့ ဘာဆက်လုပ်ကြပါမည်နည်း။ ဝိနည်းသိက္ခာပုဒ်တွေများမြောင်လှသော သံဃာ့သာသနာမှာ တရားအားထုတ်လျှင်ဖြင့် 'မဖြစ်ပါဘူး၊ မဖြစ်ဘူး' ဟု ကုက္ကုစ္စက အတွေးများ ဝင်သွားခြင်းတည်း။

မာရ်နတ်၏ အမွှေခံတတ်ကား ကြောက်စရာကောင်းသလောက် သတိအလွန်ရှိမှ တော်ပေတော့သည်။

"ကျုပ်တို့ တောင်ပုလုဆရာတော်ဘုရားကြီးကို ဖူးမြော်ပြီးလျှင် လူထွက်ကြမည်။ လူ့ဘဝဖြင့်အားထုတ်၍ တရားအရင်ရသူက ပြောပြကြစတမ်း"

ဟု ကတိကဝတ်ပြုကြပြီး တောင်ပုလုဆရာတော်ကြီး အဖူးမြော်ခံထွက်မည့်အချိန်ကို စောင့်စားနေကြသည်။ အတိတ်ပါရမီကံကလည်း ဆရာတော်ဘုရားကြီးထံ မရောက်ရောက်အောင် ပို့ဆောင်ပေးပုံက ထူးလှပါသည်။ အဘယ့်ကြောင့်ဆိုသော အရှင်ဇာနေယျတို့ သံဃာတော်(၄)ပါး မိတ္ထီလာမြို့ပေါ်ရောက်တော့ တောင်ပုလုတောရသို့ ဘယ်လိုသွားရမည်မသိ၊ ယောင်လည်လည်ဖြစ်နေစဉ် ဒကာတစ်ဦးနှင့်တွေ့ပြီး ထိုဒကာက ဆွမ်းကပ်သည့်အပြင် တောင်ပုလုတောရသို့ ဆိုက်ဆိုက်မြိုက်မြိုက် လိုက်ပို့ခြင်းပင်တည်း။ တောင်ပုလုဆရာတော်ဘုရားကြီးသည် ရဟန်းသံဃာ၊ လူပရိသတ်တို့အား (၁၅) မိနစ်ခန့်သာ ဟောပြောညွှန်ပြပြီး တရားဖြင့်သာ မွေ့လျော်တတ်သည်။ ဧည့်ပရိသတ်များပြားခြင်းကား အရိယာပုဂ္ဂိုလ်ကြီးများအတွက် တရားအလုပ်မှာ အလွန်ပင် နှောင့်ယှက်ခြင်းကြောင့် ဖြစ်ပါသည်။

အရှင်ဇာနေယျတို့က သံဃာတော်များဖြစ်သည့်အတွက် ရှေ့ဆုံးမှာနေရာရသည်။ ဆရာတော်ဘုရားကြီးသည် ဘီးတပ်ကုလားထိုင်၌ သီတင်းသုံး၍ တပည့်သံဃာတစ်ပါးက တွန်းလာ၏။ ရဟန်းရှင်လူပရိသတ်များက ဖူးမြော်ကြသည်။ (၁၅)မိနစ်ခန့် အလုပ်ပေးတရား ဟောပြောပြီးသော် အရှင်ဇာနေယျတို့(၄)ပါးအား အတွင်းခန်းသို့ ခေါ်ပါတော့သည်။ အတွင်းရောက်တော့ (၄)ပါးလုံး တောင်ပုလုဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ပြီးသော် မည်သို့မျှ ထင်မှတ်မထားသော စကားအား မိန့်ခွန်းခြွေပါတော့သည်။ ထိုမိန့်သောစကားမှာ -

"အရှင်ဘုရားတို့ မဖြစ်ဘူးမထင်နဲ့နော်။ အရှင်ဘုရားတို့သာသနာပြုရမှာ မဖြစ်ဘူးမထင်နဲ့နော်"

ဟူ၍ နှစ်ကြိမ်၊ သုံးကြိမ်ထပ်ပြီး မိန့်ဆိုပါတော့သည်။

ရိုကျိုးစွာနာယူနေကြသော အရှင်ဇာနေယျတို့ သံဃာ(၄)ပါးမှာ-

'ငါတို့ ကားပေါ်မှာ တိုင်ပင်ပြောဆိုလာကြသောစကားကို ဆရာတော်ကြီးက သိနေပါလား'

ဟု စဉ်းစားမိကြပြီး ပီတိပသာဒဖြစ်ကာ အရှင်ဇာနေယျနှင့် သံဃာနှစ်ပါးမှာ ဆရာတော်ကြီး၏ခြေအစုံကိုဖက်၍ ဦးခိုက်ရင်း မူးမေ့လဲကျသွားပါတော့သည်။ ဤကား ပီတိ၏အဟုန်တည်း။ အရှင်ရေဝတမှာတော့ မူးမေ့မသွားဘဲ ဆရာတော်ကြီးကိုသာ တစိမ့်စိမ့်ဖူးမြော်နေမိပါတော့သည်။

*(တောင်ပုလု ဆရာတော်ကြီး၏ စေတောပရိယအဘိညာဏ် ဂုဏ်တော်ကို ကြည်ညိုရပါသည်။)*

သံဃာ(၃)ပါးမှာ တစ်နာရီနီးပါးကြာ မေ့မြောသွားခဲ့ရသည်။ အရိယာအရှင်မြတ်အား ကြည်ညိုလွန်း၍ ဖြစ်ရသော ပီတိအဟုန် ဖြစ်ပါသည်။ နောင်အနာဂတ်မှာ သာသနာပြုရမည့်ပုဂ္ဂိုလ်များဖြစ်ကြောင်း ကြိုတင်သိမြင်နေ၍ သွယ်ဝိုက်ကာ ချီးမြှင့်လိုက်ခြင်းတည်း။

တောင်ပုလုဆရာတော်ကြီး၏ အလုပ်ပေးတရားကို အရှင်ရေဝတတစ်ပါးသာ နာကြားခဲ့ရပြီး အရှင်ဇာနေယျတို့ (၃)ပါး သတိပြန်လည်ရရှိလာသောအခါကျမှ အရှင်ရေဝတက ပြန်လည် ဟောကြား ပြသပါသည်။ အရှင်ဇာနေယျ၏ တောင်ပုလုဆရာတော်ကြီးအား ဖူးမြော်ပြီးလျှင် လူထွက်မည့်ကိစ္စသည် ဤမှာပင် နိဂုံးချုပ်သွားပါ၏။

တရားထူးရနိုင်သော ပုဂ္ဂိုလ်များအား အရိယာသံဃာတော် မထေရ်ကြီးများက ဤသို့ သွယ်ဝိုက်၍ ချီးမြှောက်တတ်ကြပါသည်။ အရိယာပုဂ္ဂိုလ်ကြီးများသည် တပည့်သားမြေးများကို တရားလမ်းကြောင်းပေါ်သို့ နည်းမျိုးစုံသုံး၍ တွန်းတင်ခဲ့ကြခြင်း ဖြစ်ပါသည်။ ဆရာတော် အရှင်ဇာနေယျသည် တောင်ပုလုတောရ၌ (၆) လ ကြာခဲ့သည်။ တောင်ပုလုတောရ၌ ကျင့်ကြံအားထုတ်စဉ် ဆွမ်းအာဟာရအတွက် မိမိ၏ သလုံးမြင်းခေါင်းအား အသုံးပြု၍ ဆွမ်းခံစားခဲ့ရသည်။ နေ့စဉ် အသွားအပြန် (၈) မိုင်ခရီးသည် ဆရာတော်အား ဆွမ်းတန်ဖိုးကို သိစေခဲ့သည်။ ဝါဆိုခါနီးရောက်၍ တောင်ပုလုတောရမှ ပြန်ခဲ့ရသည်။ (၆) လခန့်မျှ တစ်ဆက်တစ်စပ်တည်း အားထုတ်ခဲ့ရသဖြင့် သမာဓိအင်အားသည် အတော်ပင် တိုးတက်နေလေပြီ။

ပြန့်ကြီးတောရ၌ အားထုတ်ခဲ့သည့် တရားအရှိန်၊ တရားစခန်းများ၌ လှည့်လည်အားထုတ်ခဲ့သည့် အကျိုးတရားနှင့်တောင်ပုလုတောရ၌ ဆရာတော်ကြီး၏ မေတ္တာအရှိန်အဝါအောက်တွင် အားထုတ်ရသောအခါ အရှင်ဇာနေယျ၏ သီလ၊ သမာဓိ၊ ပညာ အရှိန်အဟုန်သည် အတော်ပင် ခရီးပေါက်ခဲ့ပါပြီတည်း။

ဝါတွင်း၌ မြစိမ်းတောင်ကျောင်းမှာ ဝါဆိုခဲ့၏။ တိလောကမာန်အောင်ရုပ်ပွားတော်မြတ်ကြီးတည်ရှိရာ ဂန္ဓကုဋိတိုက်ကြီး၏အနောက်ဘက် အဖီလေးသည် ဆရာတော်၏ သီတင်းသုံးရာအခန်းပင် ဖြစ်ပါသည်။

**မှတ်မှတ်ရရ တရားအရသာ**

တောင်ပုလုတောရမှ ပြန်လာပြီးနောက်တစ်ကြိမ် မဟာစည် သာသနာ့ရိပ်သာသို့ တရားစခန်းဝင်သောအခါတွင်မူ မုခ်ဦးဝသို့ဝင်ကတည်းက သတိပဋ္ဌာန်တရားက ကိုယ်မှာ ကပ်ပါလာပြီတည်း။ တောင်ပုလုတောရမှ ရရှိခဲ့သော သီလ၊ သမာဓိ အရှိန်အဟုန်မှာ အတော်ပင်ကြီးမားပါသည်ဟု ဆရာတော်မှ မိန့်ဆိုပါသည်။ ထိုသီလ၊ သမာဓိကိုအခြေခံလာသော ဆရာတော်၏တရားအပေါ်ထားရှိသော သဒ္ဓါတရားကို မည်သည့်ပုဂ္ဂိုလ်ဖျက်ဖျက် မပျက်နိုင်တော့ပါ။ ဗိုလ်(၅)ပါး တက်ညီလက်ညီ ရှိကြလေပြီ။

ဆရာတော် မိန့်ဆိုခဲ့သည်မှာ ရှေးယခင်က မိမိပြုလုပ်ခဲ့ရသော တရားအလုပ်သည် ဝိပဿနာဟုသာထင်ခဲ့သည်။ စင်စစ် သမထတရားအလုပ်သာ ဖြစ်နေခဲ့သည်။ တရားသည် သမထကိုအခြေခံသော်လည်း အချိန်တန်လျှင် ဝိပဿနာသို့တက်မှ သံသရာမှလွတ်ကြောင်း၊ မဂ်၊ ဖိုလ်သို့ မျက်မှောက်ပြုနိုင်မည် ဖြစ်ပါသည်။ တောင်ပုလုတောရရောက်မှ အထင်မှားနေသော သမထလမ်းကြောင်းမှသည် ဝိပဿနာ မဂ္ဂင်ဖောင်ကြီးပေါ်သို့ စီးမိပါတော့သည်။

(ယောဂီများ ဆရာရှာမှု မှန်ကန်

ခြင်း ဖြစ်စဉ်တည်း။ မိမိနှင့်သင့်တော်သည့် ကမ္မဋ္ဌာန်းတရားအား ပြသပေးနိုင်မည့် ဆရာသည် အရေးကြီးဆုံးဖြစ်သည်ကို သတိပြုဖွယ်။)

ဆရာတော်သည် တရားစခန်းများသို့ မရောက်ဘူးစဉ်က မသွားတတ်မလာတတ်၍ လိမ္မော်ခြံရွာမှ ဦးသီဟဆိုသော ကိုရင်ကြီးတစ်ပါးက လိုက်ပို့ခဲ့ရသည်။ (ကျေးဇူးရှင်တစ်ပါးဟု မိန့်ပါသည်။) ကိုရင်ကြီးက မင်းကွန်းရိပ်သာသို့ ပထမဆုံးလိုက်ပို့သည်။ ဆရာတော်မှာ သတိပဋ္ဌာန်တရားကို ပွားများအားထုတ်ရင်း တရားအပေါ် ယုံကြည်သော သဒ္ဓါတရား အလွန်အမင်း ထက်သန်လာပြီး ရှိသမျှပစ္စည်းများအား လှူပစ်သည်အထိ ဖြစ်လာခဲ့သည်။ နေပုံ၊ ထိုင်ပုံ၊ ပြောပုံ၊ ဆိုပုံများသည် သူများနှင့်မတူ။ တရားအပေါ် မှာသာ အာရုံစူးစိုက်မှုများနေ၍ ပတ်ဝန်းကျင်အား မေ့လျော့သွားခဲ့ရ၏။ ဒုက္ခဖြစ်ပေါ် ရာ ခန္ဓာကိုယ်ကြီးအား စက်ဆုပ်ရွံရှာလာ၍ ဘာကိုမှ မက်မောတွယ်တာမှု မရှိတော့။ ထို့ကြောင့် ရှိပစ္စည်းများအား လှူပစ်ခြင်းပင်။ ဒါကို မသိသောသူများက ဒီကိုယ်တော် စိတ်ဖောက်ပြန်သွားပြီလားဟု ထင်ခဲ့ကြသည်။ တရား၏ သိမ်မွေ့နူးညံ့မှုများကို ကိုယ်တိုင်ကိုယ်ကျ မခံစားတတ်ကြ၍ တရားလုပ်နေသောသူများကို စိတ်မနှံ့သူဟု ထင်သူထင်၊ အချို့မှာ ကာယကံ၊ ဝစီကံ၊ မနောကံများဖြင့် စော်ကားမိတတ်ကြပါသည်။ အရိယူပ ကံကြီးထိုက်မှာကို သတိပြုဖွယ်ပင် ဖြစ်ပါသည်။

မင်းကွန်းရိပ်သာမှ တာဝန်ရှိသူတချို့က ဒီကိုယ်တော် စိတ်ဖောက်သွားပြီထင်၍ ဂရုစိုက်စောင့်ကြည့်ခြင်းပင်ခံခဲ့ရပါသည်။ ထိုအကြောင်းအရာများအား တရားအားထုတ်ဖော် အားထုတ်ဖက်တွဲတေးမှ ကရင်ဦးပဥ္စင်းကြီးတစ်ပါးက ပြန်ပြောပြ၍ သိရခြင်းပင်။

"အရှင်ဘုရားကို တရားအားထုတ်နေစဉ်မှာ နှစ်ယောက်၊ သုံးယောက် လောက်က အမြဲစောင့်ကြည့်နေတာ သိလား"

ဟု မေးရာ-

"ဘာဖြစ်လို့များလဲ၊ တပည့်တော်လည်း တရားအားထုတ်နေတာပဲ"

ပြောတော့ ကရင်ဦးပဥ္စင်းကြီးက-

"အရှင်ဘုရား အပြုအမူတွေက ဖောက်သလိုဖြစ်နေတော့ သူတို့က စိုးရိမ်တာပေါ့"

ဟု ဆိုပါသည်။



ဦးသောဘန၊ မြစိမ်းတောင်ဆရာတော်၊ ဦးဇာနေယျ၊ ဦးဥက္ကဋ္ဌ(ဝဲမှယာ)

မင်းကွန်းရိပ်သာမှ မဟာစည်ရိပ်သာသို့ပြောင်းပြီး စခန်းဝင်တော့ စောင့်ကြည့်နေသည့် ပုဂ္ဂိုလ်များ မဟာစည်အထိ လိုက်လာကြသည်ကို တွေ့ရပါသည်။ 'ဒီကိုယ်တော် ဘာများဖြစ်မလဲ' ဟု ထင်ကြသည် ဆို၏။

## ဆရာတော်၏မိန့်မှာချက်

"တရားရှာရာ၌ မည်သည့်နည်းပင်ဖြစ်စေ (မင်းကွန်း၊ မဟာစည်၊ မိုးကုတ်၊ လယ်တီ) တစ်နည်းနည်းအား တစိုက်မတ်မတ်၊ တစ်ဆက်တစ်စပ်တည်း ကျင့်ကြံအားထုတ်သွားလျှင် မိမိရည်ရွယ်ရာ ပန်းတိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားနိုင်သည်။ ဟိုနည်းကောင်းနိုး၊ ဒီနည်းကောင်းနိုးဖြင့် လိုက်လံစူးစမ်းနေရင်ဖြင့် တရားလမ်းကြောင်းမှသွေဖည်သွားတတ်သည်။ ယခုခေတ် လူတွေက တစ်နှစ်တစ်ခါ ဘုရားပွဲကျင်းပသလိုမျိုး တစ်နှစ်မှတစ်ခါ တရားစခန်းဝင်၊ ပြီးတော့ အိမ်ပြန်ရောက်တော့မေ့။ ဒါနဲ့ပဲ (၁) ကနေ ချည်းပဲ ပြန်ပြန်စ,နေကြတာ။ နောက်ဆိုရင် (၁) တောင် ရတော့မှာ မဟုတ်ဘူး"

ဟု မိန့်ကြားပါသည်။

တရား ဟူသည် လွယ်လွယ်နှင့် မရသလို ခက်အောင်ဆိုပြီးတော့လည်း မိမိခန္ဓာကိုယ်အား နှိပ်စက်ညှဉ်းပန်းနေစရာမလို။

သို့သော်. . .

ဝီရိယအားကိုမလျှော့ဘဲ မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် မီးပွတ်သောယောက်ျားကဲ့သို့ ကျင့်ကြံအားထုတ်ရသည်။ သဒ္ဓါနှင့်ပညာ၊ သမာဓိနှင့် ဝီရိယ နွားနှစ်ကောင်က,သကဲ့သို့ မျှတမှုရှိမှသာ ဝိပဿနာယာဉ်သည် နိဗ္ဗာန်သို့ရောက်နိုင်ကြောင်းနှင့် ယခုခေတ် လူများသည် တရားစခန်း တစ်ခါဝင်၍ ဉာဏ်စဉ်တရား တစ်ခါနာရလျှင်ပဲ ကိစ္စပြီးပြီထင်နေပြီး လမ်းခုလတ်မှာ ထိုင်ပစ်လိုက်ကြသည်။ သို့အတွက်ကြောင့် တရားသည် တစ်ဆက်တစ်စပ်တည်း မဟုတ်တော့ဘဲ ပျောက်သွား၍ အစသံသရာမှ အဆုံးသို့ မရောက်တော့ဘဲ တဝဲလည်လည် ဖြစ်နေတတ်ကြ၏။ တချို့ကလည်း တရားစခန်းဝင်တာ ဘယ်နှရက်ရှိပြီ၊ တရားထူး မရနိုင်သေးဘူးလား။ ရသင့်ပါပြီ စသည်ဖြင့် လောနေတတ်ကြသည်။ ကြက်ဥဖောက်စက်ထဲ ကြက်ဥထည့်ပြီးအကောင်ဖောက်သလို ဘယ်နှရက်ဆိုလျှင်ပေါက်ရမည်ဟု တရားကို မသတ်မှတ်သင့်ကြပါပေ။

ဘုရားရှင်၏ ဓေကမ္မပါဠိ တတိယဝဂ်၌-

'ကောင်းမွန် မှန်ကန်သော တရားကျင့်ဝတ် မဟုတ်ရာ၌ လုံ့လ၊ ဝီရိယကြီးသူသည် ဒုက္ခရောက်၍ လုံ့လနည်းသူသာ ချမ်းသာရ၏။ ကျင့်ကြံသော်လည်း ဆင်းရဲလွတ်ကြောင်းတရားမဟုတ်သောကြောင့်တည်း။

ကောင်းမွန် မှန်ကန်သော တရားကျင့်ဝတ်၌ကား လုံ့လ၊ ဝီရိယကြီးသူသာ ချမ်းသာ၍ လုံ့လနည်းသူမှာ ဆင်းရဲရသည်'

ဟု သာသနာ့လမ်းစဉ်နှင့် သာသနာ့အပြင်မှ လမ်းစဉ်တို့ ဝီရိယအသုံးချပုံကို နှိုင်းယှဉ်၍ ဟောတော်မူခဲ့ပါသည်။

ဆရာတော် မိန့်သည်မှာလည်း ဤအတိုင်းပင်။ တရားကို တစိုက်မတ်မတ်ရှိနေမှသာ လိုချင်သော တရားထူးကို ရနိုင်မည် ဖြစ်ပါ၏။ ယခုခေတ်လူအများသည် သဒ္ဓါတရား၊ ဒါနတရား အလွန် ထက်သန်ကြပါသည်။ သို့သော် တရားအရာ၌ အလွန် အားနည်းနေကြသည်။ တရားထူး,တရားမြတ်ရနိုင်သော အခွင့်ကောင်း၊ အခါကောင်းထဲမှာ ဘာကြောင့် တရားမရနိုင်ကြသနည်း ဆိုတော့ လူမှုဒုက္ခ ပလိဗောဓ များနေကြရ၍ တရားစခန်းမှာ အချိန်မပေးနိုင်ကြသဖြင့် တရားရမည်ကြံလိုက်၊ ပျောက်

သွားလိုက်ဖြင့် လုံးချာလိုက်နေကြခြင်းပင် ဖြစ်ပါတော့သည်။

**မြစိမ်းတောင်တောရ (၁)**

မြစိမ်းတောင်ရွာကျောင်း တရားရိပ်သာမှ ခြေကျင်လျှောက်လျှင် (၁)နာရီခန့် ရှိမည်ထင်ပါသည်။ ခြံတွေဆိုသော်လည်း စင်စစ် တောကြီးမျက်မည်းထဲ ရောက်နေသလို ခံစားရသည်။ ဆရာတော် အရှင်ဇာနေယျ တည်ထောင်ခဲ့သော တောရ(၄)ခုတွင် တောရ(၁)မှာ အကြီးဆုံး တရားရိပ်သာ ဖြစ်ပါသည်။ တောရ(၂)က ဖောင်ကြီးနားမှာ ရှိသည်။ အလယ်ရွာ ဟိုဘက်မှာက တောရ (၃)။ တောရ (၄) သည် တောရ (၁) မှ မိနစ် (၃၀) ခန့် လျှောက်လျှင် ရောက်သည်။ တောရ (၁) တရားရိပ်သာအနီး လျှိုမြောင်ထဲ၌ မူလက ဆရာတော်တရားအားထုတ်ရာ တရားစခန်းအဟောင်းရှိသည်။ 'တောရ (၁) စခန်းဟောင်း' ဟု ခေါ်ကြသည်။ သံဃာနှစ်ပါး၊ သုံးပါးသီတင်းသုံးနေကြသည်။ ယခင်က ဆရာတော်နှင့် တပည့်သံဃာအနည်းငယ်သာ သီတင်းသုံးခဲ့ကြသည်ဆို၍ ဆင်ရိုင်းများ ပေါများသော ထိုတောကြီးထဲ၌ ကျင့်ကြံအားထုတ်ရဲသော ဆရာတော်၏မေတ္တာစွမ်းအားကို ကြည်ညိုမိပါတော့သည်။

တောရ (၁) သည် အတန်ပင် အဝန်းအဝိုင်းကျယ်ပြန့်ကာ မူလက တောကြီးကို ရှင်းလင်းပြီး သီဟိုဠ်ခြံကြီးအဖြစ် စိုက်ပျိုးထားရာမှ အလှူအမကြီး ဒေါ်အေးက ယင်းသီဟိုဠ်ခြံကြီးကို ဝယ်ယူပြီး ဆရာတော် တောရရိပ်သာ ဖွင့်လှစ်နိုင်ရန် လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ဆရာတော်၏ ဤပဋိပတ္တိသာသနာပြု လုပ်ငန်းများအား ဆရာဒကာအဖြစ် ပံ့ပိုးနေသူမှာ ရန်ကုန်မှ ဦးမြတ်ငွေလင်းနှင့် ဇနီးဒေါ်စုစုကိုတို့ ဖြစ်ပါသည်။ ရန်ကုန်မြို့မှ ဦးတူးနှင့်မိသားစုကလည်း မြစိမ်းတောင်ကျောင်း တောရရိပ်သာများအတွက် ဆန်၊ ဆီ အစရှိသည့် ဆွမ်းကိစ္စအပြင် နဝကမ္မ ဝတ္ထုအလှူများကိုလည်း ဦးဆောင်စုစည်းပြီး တစ်လတစ်ခါ လာရောက်လှူဒါန်းနေသည်မှာ သာဓုအနုမောဒနာ ခေါ်လောက်ပါပေ၏။

အို- ယောဂီ သူတော်စင်အပေါင်းတို့ . .

မဟာစည်ဆရာတော်ကြီး၏နည်းနာအတိုင်း အနည်းဆုံး(၁၅)ရက်ပဲ စခန်းဝင်ဝင်၊ တစ်လ, နှစ်လမှစ၍ တစ်သက်တာလုံးပဲ အားထုတ်လိုက အားထုတ်။ ဤမြစိမ်းတောင်ရွာကျောင်း ပင်မ ရိပ်သာကြီးနှင့် တောရ (၁)၊ (၂)၊ (၃)၊ (၄) တို့မှ နေရေးထိုင်ရေး၊ ဆွမ်းကွမ်းမှအစ လိုလေသေးမရှိ ကူညီထောက်ပံ့၍ နေကြပါသည်။ ဆရာတော်အရှင်ဇာနေယျနှင့်အတူ တပည့်ကြီးနှစ်ဦးဖြစ်သော ရှင်ဥက္ကဋ္ဌ၊ ရှင်သောဘနတို့ကလည်း ကူညီ၍ တရားပြပေး၊ တရားစစ်ပေးရင်း ပဋိပတ္တိသာသနာတော်အား စွမ်းစွမ်းတမံ သာသနာပြုနေကြပါသည်။

ဒေါ်သစ္စာ၊ ဒေါ်ပဏ္ဍိ၊ ဒေါ်ဇေကတို့နှင့်သီလရှင်ယောဂီများကလည်း တောရရိပ်သာ ဝေယျာဝစ္စအလုပ်က တစ်ဖက်၊ သတိပဋ္ဌာန်တရား ပွားများအားထုတ်ကြရင်း ကြိုးစားနေကြပါ၏။

စင်စစ် ဤမြစိမ်းတောင်ရိပ်သာသည် တောကြီးအတိုင်း ဖြစ်နေသည်။ မြို့ပြလို ဆူညံမှုမရှိ။ ကျင့်ကြံပွားများအားထုတ်နေကြသော ယောဂီရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များသည် အေးချမ်းငြိမ်သက်စွာ တရားထိုင်သူကထိုင်၊ တရားမှတ်ရင်း လမ်းလျှောက်သူကလျှောက်ဖြင့် ဆူညံခြင်းမရှိ ငြိမ်အေးလှသည်။ တစ်ပါးနေကျောင်း၊ နှစ်ပါးနေကျောင်းလေးတွေကလည်း သပ်သပ်ရပ်ရပ်ဖြင့် နေချင့်စဖွယ်။ မြစိမ်းတောင်ကုန်းထိပ်ရှိ မဟာဝိသုဒ္ဓိစေတီတော်ကြီးမှ ဆည်းလည်းသံတို့က တရားသံဝေဂရစရာကောင်းလှသည်။ ကြီးမားလှသော ဗောဓိညောင်ပင်ကြီး၏ အရိပ်အာဝါသကလည်း အေးချမ်းပေစွ။ တကယ်တော့ ဤမြစိမ်းတောင်ကျောင်း ရိပ်သာကလေးသည် တရားကိုသာ အာရုံစိုက်၍ အားထုတ်လိုသူ ယောဂီ သူတော်စင်များအတွက် တရားအောင်မြေဌာနကောင်းတစ်ခု ဖြစ်ကြောင်း ကလျာဏအနွယ်ဝင် သူတော်စင်အပေါင်းတို့အား နှိုးဆော်လိုက်ရပါပေသည်။

သန့်ဇင်

# မျက်မြွေးရောင်ရောဂါနှင့် အိမ်တွင်းကုသနည်း

ဤရောဂါ၏ လက္ခဏာတို့သည် မျက်လုံးကျိန်းစပ်ခြင်း၊ အလင်းရောင်ကို လုံး၀ မကြည့်နိုင်ခြင်း၊ မျက်ဝဲတ်ထွက်ခြင်း၊ မျက်ရည်ပူကျခြင်း၊ ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ မျက်သားနီခြင်း၊ မျက်လုံးအိမ်ရောင်ခြင်း စသည့် လက္ခဏာတို့ကို တွေ့ရှိနိုင်ပါသည်။ မြန်မာ့ဆေးပညာအရ ရောဂါစစ်တမ်းသည် တေဇောနှင့်လေပျက်လွန်းခြင်းဟု သတ်မှတ် ပြဋ္ဌာန်းထားပါသည်။ ကုထုံးဆေးချက်အဖြစ် သီတအာပေါ် အာကာသဟု ဖွင့်ဆိုထားပါသည်။ အထက်ပါရောဂါကို အိမ်တွင်းကိုယ်ပိုင်ကုသလိုသူများအတွက် မီးဖိုဆောင်စားသုံးသီးနှံဖြစ်သည့် မန်ကျည်းနှင့် သံပရာသည် ရောဂါကုသရာတွင် အသုံးဝင်စေပါသည်။

ဤရောဂါကို ကုသရာတွင် မန်ကျည်းဖျော်ရည်ချိုအေးကို တိုက်ကျွေးပေးနိုင်ပါသည် သို့မဟုတ် သံပရာဖျော်ရည်ချိုအေးမွှေးကို တိုက်ကျွေးပေးစေခြင်းဖြင့် ပျောက်ကင်းသက်သာမှုကို ရရှိစေနိုင်ပါသည်။

**အပူမျက်နာရောဂါနှင့် အိမ်တွင်းကုသနည်း**

မျက်စိပူခြင်း၊ မျက်စိစူးခြင်း၊ မျက်စိကျိန်းစက်ခြင်း၊ မျက်စိနီခြင်း၊ မျက်သားနီခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ မျက်ရည်ပူကျခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်ကြောထိုးခြင်းလက္ခဏာတို့သည် အပူနာမျက်စိနာရောဂါမျိုး ဖြစ်၏။ အကြောင်းရင်းများကို စစ်ဆေးလျှင် နေ့စဉ် အပူစာများကို စားသောက်မိခြင်း၊ ရာသီဥတုပူခြင်း၊ အပူဒေသခံဖြစ်နေခြင်း စသည်တို့ကို တွေ့ရှိစေနိုင်ပါသည်။ မြန်မာ့ဆေးပညာအရ စစ်တမ်းထုတ်ကြည့်လျှင် တေဇောဓာတ်လွန်ခြင်းပင် ဖြစ်၏။ ကုထုံးဆေးချက်အဖြစ် သီတအာပေါ ဖြစ်၏။ အစာဖြင့်ကုသနည်းသည် မန်ကျည်းဖျော်ရည်အေးအေးချိုချို ရိုးရိုးကို တိုက်ကျွေးပေးနိုင်ပါသည်။ ထို့ပြင် သဘော်သီးမှည့်ကို စားပေးခြင်းဖြင့် သက်သာလာစေနိုင်ပါသည်။ အထူးသဖြင့် ဤရောဂါအတွက် ဖရဲသီးသည် အကောင်းဆုံးအစာအဖြစ် မြန်မာ့ရိုးရာဆေးပညာရှင်များ၏အယူအဆများကို တင်ပြလိုက်ရပါသည်။

ကျော်တင့်ဆွေ